# Second Sunday of Easter-C

## 1st READING: *Acts 5:12-16*

တမန်တော်ဝတ္ထု ၅း ၁၂–၁၆

တမန်တော်တို့သည်လူများအလယ်တွင်တန်ခိုးလက္ခဏာများနှင့်အံ့ဖွယ်အမှုများကိုပြကြ၏။ထိုသူအပေါင်းတို့သည်လည်း ဆော်လမုန်မုခ်ဦးအဆောင်၌တညီတညွတ်တည်းစုဝေးနေကြ၏။အခြားလူများတွင်မည်သူမျှသူတို့၏အစုအဝေးထဲသို့မဝင်ရဲကြ။ သို့သော်လူများသည်သူတို့ကိုအလွန်ရိုသေလေးစားကြ၏။ သခင်ဘုရားကိုယုံကြည်သောအမျိုးသား၊အမျိုးသမီးတို့၏အရေအတွက်သည်တဖြည်းဖြည်းတိုးပွားလေ၏။ ပေတရုကြွလာသောအခါ၊ လူနာများတွင်အချို့အပေါ်သို့သူ၏အရိပ်သက်ရောက်လွှမ်းမိုးစေရန်မျှော်လင့်လျက်သူတို့သည်ဖျားနာသောသူများကိုလမ်းများပေါ်တွင်ထုတ်ထား၍အပ်ရာနှင့်ဖျာများပေါ်တွင်တင်ထားကြ ၏။ ထို့အပြင်ဂျေရုဆလင်မြို့အနီးတဝိုက်ရှိမြို့များမှလူတို့သည်စုဝေးလာကြ၍၊ ဖျားနာသောသူများနှင့်ညစ်ညူးသောနတ်ဆိုး၊ ညှင်းဆဲခြင်းကိုခံရသူများကိုခေါ်ဆောင်လာကြရာထိုသူအပေါင်းတသည်ရောဂါဝေဒနာပျောက်ကင်းကြကုန်။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

**Responsorial Psalm** Psalms 118: 2-4, 13-15, 22-24

**ဆာလံကျမ်း ၁၁၈**

**သံပြိုင်။** ။ ထာဝရဘုရားသည်ကောင်းမြတ်တော်မူသောကြောင့်ကိုယ်တော်ကိုကျေးဇူးတင်ချီးမွမ်းကြလော့။ ကိုယ်တော်၏ကရုဏာမေတ္တာတော်သည်အစဉ်ထာဝရတည်တော်မူ၏။

**၁။** ။ ကိုယ်တော်၏ကရုဏာမေတ္တာတော်သည်အစဉ်ထာဝရတည်တော်မူကြောင်းအစ္စရေးလ်လူမျိုးတို့ဝန်ခံကြစေ။ ကိုယ်တော်၏ကရုဏာမေတ္တာတော်သည်အစဉ်ထာဝရတည်တော်မူကြောင်း၊ အာရုန်၏အမျိုးအနွယ်တို့ဝန်ခံကြစေ။ ကိုယ်တော်၏ကရုဏာမေတ္တာတော်သည်အစဉ်ထာဝရတည်တော်မူကြောင်းဘုရားသခင်ကိုကြောက်ရွံ့ရိုသေသူတို့ဝန်ခံကြစေ။ **(သံပြိုင်)**

**၂။** ။ ငါသည်ပြင်းထန်စွာတိုက်ခိုက်ခြင်းခံရသောကြောင့်အရေးနိမ့်လျက်ရှိသောအခါထာဝရဘုရားသည်ငါ့ကိုကူညီစောင့်ရှောက်တော်မူ၏။ ထာဝရဘုရားသည်ငါ၏ခွန်အားနှင့်ငါသီဆိုရာသချင်းဖြစ်တော်မူ၏။ ကိုယ်တော်သည်ငါ၏ကယ်တင်ခြင်းဖြစ်တော်မူ၏။ အောင်ပွဲခံရသောကြောင့်ဖြောင့်မတ်သောသူတို့၏တဲများ၌ဝမ်းမြောက်ဝမ်းသာသီဆိုကြသောသီချင်းသံများကနားထောင်ကြလော့။ ထာဝရဘုရား၏လက်ယာလက်တော်သည်ရဲဝံ့စွာပြုတော်မူပြီ။ **(သံပြိုင်)**

**၃။** ။ တိုက်ကိုဆောက်သောသူတို့စွန့်ပစ်ထားသောကျောက်သည်ထောင့်ချုပ်ကျောက်ဖြစ်လာ၏။ ဤသည်ကား၊ထာဝရဘုရားပြုတော်မူသောအမှုအရာဖြစ်၏။ငါတို့မျက်စိထဲတွင်မူကား၊အံ့သြဖွယ်ကောင်းလှပေ၏။ ဤနေ့သည်ကား၊ထာဝရဘုရားစီရင်တော်မူသောနေ့ရက်ဖြစ်၏။ ငါတို့သည်ဝမ်းမြောက်ရွှင်လန်းစွာကျင်းပကြကုန်စို့။ **(သံပြိုင်)**

## 2nd READING: *Rev 1: 9-13, 17-19*

ဗျာဒိတ်တော်ကျမ်း ၁း ၉–၁၃၊ ၁၇–၁၉

သင်တို့၏အစ်ကို၊ ငါယောဟန်သည်ယေရှုသခင်၌သင်တို့နှင့်အတူဒုက္ခများကိုခံထမ်း၍နိုင်ငံတော်ကိုလည်းကောင်းခံနိုင်ရည်ရှိခြင်းလည်းကောင်း၊မျှဝေခံစားပါ၏။ ယေရှုသခင်ကိုသက်သေခံ၍ဘုရား၏နှုတ်ကပတ်တော်ကိုဟောပြောသောကြောင့်ပတ်မော့ကျွန်းတွင်နေခဲ့၏။ ငါသည်သခင်ဘုရား၏နေ့တော်၌ဝိညာဉ်တော်မြတ်နှင့်ပြည့်ဝလျက်ရှိစဉ်ငါနောက်မှတံပိုးခရာမှုတ်သံကဲ့သို့ကျယ်သောအသံကိုကြား လိုက်ရ၏။ ထိုအသံကဆိုသည်မှာသင်မြင်သမျှကိုစာအုပ်တွင်ရေး၍အသင်းတော်ခုနစ်ခုဖြစ်သောဧဖက်စု၊ စမိနာ၊ ပါဂမန်၊ တိုင်တီးရာ၊ဆာဒစ်၊ဖီလာဒဲဖီးယာနှင့်လာအိုဒီစီယထံသို့ပေးပို့လောဟုလာ၏။ ငါ့ကိုပြောနေသောအသံလာရာသို့ငါလှည့်ကြည့်သောအခါ၊ ရွှေမီးခွက်တင်ခုံခုနှစ်ခုကိုမြင်ရ၏။ မီးခွက်တင်ခုံများအလယ်တွင်အဝတ်ရှည်ကိုဝတ်ဆင်ထားပြီးရင်ဘတ်တွင်ရွှေစလွယ်သိုင်းထားသောလူသားနှင့်တူသူတစ်ယောက်ကိုမြင်ရ၏။ ထိုသခင်ပုဂ္ဂိုလ်ကိုငါတွေ့မြင်ရသောအခါငါသည်လူသေကောင်ကဲ့သို့သူ့ခြေရင်း၌လဲကျသွား၏။ သို့သော်သူသည်ငါ့အပေါ်မှာသူ၏လက်ျာလက်ကိုတင်ထားလျက်ဆိုသည်မှာမကြောက်နှင့်၊ ငါသည်အစနှင့်အဆုံးဖြစ်၏။ ငါသည်အသက်ရှင်သူဖြစ်သည်၊ငါသည်သေခဲ့၏။ ယခုငါသည်အစဉ်ထာဝရအသက်ရှင်လျက်ရှိ၏။ ငါ့၌သေခြင်းနှင့်မရဏာနိုင်ငံ၏သော့များရှိသည်။ သင်မြင်ရသောအရာများပစ္စုပ္ပန်တွင်ဖြစ်ပျက်နေသောအရာများနှင့်နောင်အနာဂါတ်တွင်ဖြစ်ပျက်လတ္တံ့သောအကြောင်းအရာများကိုယခုရေးမှတ်ပါ။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## GOSPEL: *John 20:19-31*

ရှင်ယောဟန်ဧဝံဂေလိကျမ်း   ၂၀း ၁၉–၃၁

ရက်သတ္တပတ်၏ပထမနေ့၊ ညနေအချိန်ရောက်သောအခါတပည့်တော်တို့သည်ဂျူးလူမျိုးတို့ကိုကြောက်သောကြောင့်မိမိတို့စုဝေးကြသောနေရာတွင်တံခါးများကိုပိတ်ထားလျက်နေကြ၏။ ထိုအချိန်၌သခင်ယေရှုသည်ကြွလာတော်မူ၍သူတို့အလယ်မှာရပ်တော်မူလျှက်သင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိပါစေဟုသူတို့အားမိန့်တော်မူ၏။ ဤသို့မိန့်တော်မူပြီးနောက်ကိုယ်တော်သည်သူတို့အားမိမိလက်တော်များနှင့်နံဘေးတော်ကိုပြတော်မူ၏။ တပည့်တော်တို့သည်လည်းသခင်ဘုရားကိုဖူးမြင်ရသဖြင့်ဝမ်းမြောက်ကြလေ၏။ တဖန်ကိုယ်တော်ကသင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိစေသတည်း။ ခမည်းတော်သည်ငါ့ကိုစေလွှတ်သကဲ့သို့ငါသည်လည်းသင်တို့ကိုစေလွှတ်၏ဟုမိန့်တော်မူ၏။ ထို့နောက်ကိုယ်တော်သည်သူတို့အပေါ်သို့မှုတ်တော်မူလျှက်သန့်ရှင်းသောဝိညာဉ်တော်မြတ်ကိုခံယူကြလော့။ အကြင်သူ၏အပြစ်များကိုသင်တို့ခွင့်လွှတ်လျှင်ထိုအပြစ်များသည်ခွင့်လွှတ်ခြင်းခရလိမ့်မည်။ အကြင်သူ၏အပြစ်များကိုသင်တို့တည်စေလျှင်ထိုအပြစ်များသည်တည်လျှက်ရှိ၏ဟုသူတို့အားမိန့်တော်မူ၏။ တပည့်တော်ကြီးတစ်ဆယ့်နှစ်ပါးတွင်တစ်ပါးအပါအဝင်ဖြစ်သည့်ဒီးဒီမုခေါ်သောသောမတ်မှုကားယေရှုကြွလာတော်မူသောအချိန်တွင်တပည့်တော်တို့နှင့်အတူမရှိချေ။အခြားသောတပည့်တော်တို့ကလည်းငါတို့သည်သခင်ဘုရားကိုဖူးမြင်ရပြီဟုသူ့အားဆိုကြ၏။သို့သော်သောမတ်ကကိုယ်တော်၏လက်တော်၌သံရိုက်ရာချက်ကိုငါမမြင်ရလျှင်၊သံရိုက်ရာချက်ထဲသို့ငါ၏လက်ညှိုးကိုမသွင်းရလျှင်၊ ကိုယ်တော်၏နံဘေးတော်ကိုငါ၏လက်ဖြင့်မစမ်းသပ်ရလျှင်ငါယုံကြည်လိမ့်မည်မဟုတ်ဟုသူတို့အားဆို၏။ ရှစ်ရက်မြောက်သောနေ့၌တပည့်တော်တို့သည်အိမ်အတွင်း၌တဖန်စုဝေးလျက်ရှိကြစဉ်သောမတ်သည်လည်းသူတို့နှင့်အတူရှိ၏။ တံခါးများပိတ်ထားလျှက်ရှိသော်လည်းသခင်ယေရှုသည်ကြွလာတော်မူ၍သူတို့အလယ်မှာရပ်တော်မူလျက်သင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိပါစေဟုသူတို့အားမိန့်တော်မူ၏။ ထို့နောက်ကယ်တော်သည်သောမတ်အားသင်၏လက်ညှိုးကိုဤနေရာ၌သွင်း၍ငါ၏လက်များကိုကြည့်လော့။ သင်၏လက်ကိုလည်းဆန့်တန်း၍ငါ၏နံဘေးတော်ကိုစမ်းသပ်လော့။ ယုံမှားသံသယမဖြစ်လေနှင့်၊ ယုံကြည်လော့ဟုမိန့်တော်မူ၏။ သောမတ်ကလည်းကျွန်ုပ်၏သခင်၊ ကျွန်ုပ်၏ဘုရားဟုကိုယ်တော်အားပြန်လည်လျှောက်ထား၏။ သခင်ယေရှုကသင်သည်ငါ့ကိုမြင်သောကြောင့်ယုံကြည်သလော၊ငါ့ကိုမမြင်ရသော်လည်းယကြည်သောသူတို့သည်မင်္ဂလာရှိကြ၏ဟုမိန့်တော်မူ၏။ ဤကျမ်းစာ၌မှတ်တမ်းတင်မထားသည့်များစွာသောအခြားတန်ခိုးလက္ခဏာတို့ကိုလည်းသခင်ယေရှုသည်တပည့်တော်တို့ရှေ့မှောက်တွင်ပြတော်မူ၏။သို့သော်သခင်ယေရှုသည်ဘုရားသခင်၏သားတော်မက်ဆိယသခင်ဖြစ်သည်ကိုသင်တို့ယုံကြည်ကြမည့်အကြောင်းနှင့်ထိုသို့ယုံကြည်ခြင်းဖြင့်ကိုယ်တော်၏နာမတော်၌သင်တို့သည်အသက်ကိုရကြမည့်အကြောင်းတို့ကြောင့်ဤအရာများကိုရေးသားမှတ်တမ်းတင်ထားခြင်းဖြစ်၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**